- မျက်နှာ၊ ခြေထောက်တွေ၊ ဒါမှမဟုတ် လက်တွေမှာ ထုံနေရင်
- အကြီးအကျယ် မီးလောင်ဒဏ်ရာရရင်
- ခေါင်းမှာ ထိခိုက်ဒဏ်ရာရရင်
- ထိခိုက်ဒဏ်ရာရထားတဲ့ မွေးကင်းစကလေးလေး ရှိနေရင်

**အောက်ပါတို့အတွက် အရေးပေါ်လူနာခန်း မသွားပါနဲ့။ ။**

- နားကိုက်တာ
- အအေးမိတာ၊ ချောင်းဆိုးတာ၊ ဒါမှမဟုတ် တုပ်ကွေးဖြစ်တာ
- (နည်းနည်းပါးပါး) မီးလောင်ဒဏ်ရာရတာ
- အဆစ်လွဲသွားတာတွေ
- ကာကွယ်ဆေးတွေ
- တုပ်ကွေးကာကွယ်ဆေးတွေ
- လည်ချောင်းနာတာ


**ဆက်သွယ်ရန်။ ။**
**riht@uscridc.org**
**U.S. Committee for Refugees and Immigrants**
**1717 Massachusetts Ave., NW**
**Suite 200**
**Washington, DC 20036**
**တယ်လီဖုန်း။ ။ 202 • 347 • 3507**
**ဖက်စ်။ ။ 202 • 347 • 7177**
**www.refugees.org**


**အရေးပေါ်ကိစ္စတခုခုရှိရင် ၉၁၁ ကို ဖုန်းဆက်ပါ။ ။**





*ဒီလက်ကမ်းစာစောင်ကို ကျန်းမာရေးနဲ့လူမှုဝန်ဆောင်ရေးဌာန ဒုက္ခသည် ပြန်လည်နေရာချထားရေးရုံးရဲ့ ရန်ပုံငွေထောက်ပံ့ကြေးနဲ့ ထုတ်လုပ်တာဖြစ်ပါတယ်။*




# အမေရိကန်ပြည်ထောင်စုတွင် ကျန်းမာရေးကုသမှု

# Medical Care in theUnited States

(BURMESE)

U.S. COMMITTEE FOR REFUGEES AND IMMIGRANTS

USCRI

**www.refugees.org**

*Protecting Refugees, Serving Immigrants, Upholding Freedom since 1911*

ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်ခြင်း

## အမေရိကန်ပြည်ထောင်စုတွင် ကျန်းမာရေးကုသမှု

အမေရိကန်ပြည်ထောင်စုမှာ ကျန်းမာရေးကုသမှုခံယူဖို့ နည်းအမျိုးမျိုး ရှိပေမဲ့ အများဆုံးသုံးလေ့ရှိတာတွေကတော့။ ။
- ဆရာဝန်ရဲ့ ရုံးခန်းမှာ သွားပြတာတွေ
- အရေးတကြီးကုသမှု (အားဂျင့်ကဲ–Urgent Care) (တခါတလေ walk in clinics လို့လည်း ခေါ်ပါတယ်။)
- အရေးပေါ် လူနာခန်းတွေ (ER)တို့ ဖြစ်ပါတယ်။

### ဆရာဝန်ရုံးခန်းမှာ ဘယ်တော့သွားပြရမလဲ။

အမြဲကပြနေကျဆရာဝန်နဲ့ ပြဖို့ ဆရာဝန်ရဲ့ရုံးခန်းမှာ ရက်ချိန်းယူတဲ့အခါ ရုံးခန်းမှာသွားပြတာဖြစ်ပါတယ်။
- အအေးမိတာ၊ ချောင်းဆိုးတာ၊ ဒါမှမဟုတ် တုပ်ကွေးမိတာ
- နားကိုက်တာ
- ပန်းဝတ်မှုံတွေ၊ အမှုံတွေနဲ့မတည့်လို့ ဆေးထိုးဖို့
- ကာကွယ်ဆေးတွေထိုးဖို့
- နှစ်စဉ် ကိုယ်ခန္ဓာကျန်းမာရေး စစ်ဆေးမှုတွေအတွက် ရုံးခန်းမှာ ပြဖို့ ရက်ချိန်းယူပါ။

### အရေးတကြီးကုသမှု (URGENT CARE) ဘယ်အခါမှာ လုပ်ရမှာလဲ။

အရေးတကြီးကုသပေးတဲ့ဆေးခန်း– အားဂျင်းကဲတွေ ဒါမှမဟုတ် ရက်ချိန်းမလိုဘဲသွားလို့ရတဲ့ဆေးခန်းတွေက ဆရာဝန်ရုံးခန်းတွေလိုပဲဖြစ်ပေမဲ့ ရက်ချိန်းယူဖို့ မလိုပါဘူး။ အမြဲကပြနေကျဆရာဝန်အစား အရေးတကြီးကုသပေးတဲ့ဆေးခန်းမှာ တာဝန်ကျဆရာဝန်က ကြည့်ပေးပါမယ်။ အရေးတကြီးကုသပေးတဲ့ဆေးခန်းတွေကို ဆေးရုံတွေ ဒါမှမဟုတ် ကုန်တိုက်ကြီးတွေနားတွေမှာ တွေ့ရလေ့ရှိပြီး မနက်အစောကြီးကနေညမိုးချုပ်တဲ့အထိဖွင့်လေ့ရှိပါတယ်။
- နားကိုက်တာတွေ
- နေလောင်တာ ဒါမှမဟုတ် အနည်းငယ်မီးလောင်တာတွေ
- အအေးမိတာ၊ ချောင်းဆိုးတာ၊ ဒါမှမဟုတ် တုပ်ကွေးမိတာ
- အဖျား အနည်းငယ်တက်တာ
- ကျောင်း ဒါမှမဟုတ် အလုပ်အတွက် ကျန်းမာရေးစစ်ဆေးမှုတွေ
- ပန်းဝတ်မှုံတွေ၊ အမှုံတွေနဲ့မတည့်လို့ ဆေးထိုးဖို့ စတာတွေလို အနည်းငယ်ဖျားနာမှုတွေ ဒါမှမဟုတ် ထိခိုက်မှုတွေအတွက် သုံးသင့်ပါတယ်။

### အရေးပေါ်လူနာခန်း (ER) ကို ဘယ်အခါမှာ သုံးရမလဲ။

အရေးပေါ်လူနာခန်းတွေ ဒါမှမဟုတ် (ER) တွေက ဆေးရုံတွေမှာရှိပါတယ်။ သူတို့က တနေ့မှာ 24 နာရီ၊ တပတ်မှာ 7 ရက်ဖွင့်ပါတယ်။ အရေးပေါ်လူနာခန်းတွေ သွားတာက ဆရာဝန်ရုံးခန်းမှာသွားတွေ့တာနဲ့ အားဂျင့်ကဲခေါ် အရေးတကြီးကုသပေးတဲ့ဆေးခန်းတွေထက် ပိုက်ဆံပိုကုန်ပါတယ်။ သင့်ရောဂါအခြေအနေက သိပ်အရေးမကြီးဘဲ အရေးပေါ်လူနာခန်းတွေ သွားတဲ့အခါ အကြာကြီး စောင့်ရနိုင်ပါတယ်။
အရေးပေါ်အခြေအနေတွေ ဒါမှမဟုတ်
- ရင်ဘတ်အောင့်တာ၊ မျက်နှာ၊ လက် ဒါမှမဟုတ် ခြေတို့ထုံနေတာ၊ ဒါမှမဟုတ် စကားပြောရာမှာ အခက်အခဲဖြစ်နေတာ
- အဖျားအရမ်းတက်ပြီး လည်ပင်းတောင့်နေတာ၊ စိတ်ထဲမှာရောထွေးနေတာ၊ ဒါမှမဟုတ် အသက်ရှူရာမှာ အခက်အခဲဖြစ်နေတာ






- (လေကို ရှိုက်ရှူရတဲ့အထိ) အသက်ရှူရာမှာ အရမ်းအခက်အခဲဖြစ်နေတာ
- အဆိပ်သင့်တာ
- ရုတ်တရက် သတိလစ်သွားတာ
- ချောင်းဆိုးတာ ဒါမှမဟုတ် သွေးအန်တာ
- ရုတ်တရက် ခါတိုင်းဖြစ်လေ့မရှိတဲ့ လက္ခဏာတွေ ဒါမှမဟုတ် ကြီးကျယ်တဲ့ ရောဂါလက္ခဏာတွေပေါ်လာတာတို့လို ကြီးလေးတဲ့ ဖျားနာမှုတွေအတွက်ပဲ အရေးပေါ်လူနာခန်းကို သုံးသင့်ပါတယ်။

### (ER) သွားရင်။ ။

1) သင့်ဆရာဝန်ရဲ့ နာမည်နဲ့ တယ်လီဖုန်းနံပါတ်တွေ အရေးပေါ်လူနာခန်း ယူသွားပါ။
2) အရေးပေါ်လူနာခန်းက သူနာပြုနဲ့ဆရာဝန်တို့ကို သင်ဘာဆေးတွေ (ဆေးလုံးတွေ) သောက်နေတယ်ဆိုတာပြောပြပါ။
3) သင့်မှာ ကျန်းမာရေးပြဿနာတခုခုရှိခဲ့ရင် အရေးပေါ်လူနာခန်းက သူနာပြု ဒါမှမဟုတ် ဆရာဝန်တို့ကို ပြောပြပါ။

### အောက်ပါတို့ဖြစ်ခဲ့ရင် အရေးပေါ်လူနာခန်း သွားပါ။ ။

- သတိလစ်သွားရင်
- အရိုးကျိုးရင်
- ချောင်းဆိုးတဲ့အခါ ဒါမှမဟုတ် အန်ရတဲ့အခါ သွေးပါရင်
- ရုတ်တရက် အကြီးအကျယ် ဖျားနာရင်